KACHIN WOMEN'S ASSOCIATION THAILAND

P.O.BOX 415, CHIANG MAI 50000, THAILAND

၂၀၁၆ ခုနှစ် စက်တင်ဘာလ ၉ ရက်

မြန်မာ့တပ်မတော်မှ ကချင်ပြည်နယ်ရှိ သဘာဝသယံဇာတများ သိမ်းပိုက်ရန် ထိုးစစ်မြှင့်တင်မှုအပေါ် ပြစ်တင်ရှုတ်ချကြောင်း KWAT ၏ ၁၇ နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ထုတ်ပြန်ချက်။

၁၉၉၉ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်တွင် ဖွဲ့စည်းထူထောင်ခဲ့သည့် ကချင်အမျိုးသမီးအစည်းအရုံး (KWAT) ၏ ၁၇ နှစ်မြောက် အခါသမယတွင်၊ မြန်မာ့တပ်မတော်မှ ထိုးစစ်များ ဆင်နွှဲလာသည့်အတွက် မိမိတို့၏ မွေးရပ်ဌာနေ ကချင်ပြည်နယ်တွင် စစ်ရှိန်မြင့်လာခြင်းအပေါ် အထူးပင် စိုးရိမ်မိကြောင်း ထုတ်ဖော် ပန်ကြားလိုပါသည်။

NLD အစိုးရသစ်တက်လာသည့် လွန်ခဲ့သည့် ၆ လခန့်မှစပြီး ကချင်လွတ်လပ်ရေးတပ်မတော် (KIA) ထိန်းချုပ်ထားသည့် ဒေသကို သိမ်းပိုက်ရန် မြန်မာ့တပ်မတော်အနေဖြင့် တပ်အင်အား အမြောက်အများဖြင့် မြေပြင်နှင့် ဝေဟင်မှ ထိုးစစ်ဆင်နေသည်ကို တွေ့ရပါသည်။ ထိုးစစ်များကြောင့် ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းများအပါအဝင် အရပ်သားများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပေါ်စေပြီး နေရပ်ရင်းစွန့်ခွာ ထွက်ပြေးရမှုအသစ်များကြောင့် ၂၀၁၁ ခုနှစ်မှ ပြန်လည်ဖြစ်ပွားခဲ့သည့် ကချင်ဒေသ စစ်ပွဲများအတွင်း နေရပ်ရင်းစွန့်ခွာ ထွက်ပြေးခဲ့ရသည့် စစ်ပြေးဒုက္ခသည် တသိန်းကျော်၏ အရေအတွက်ကို ပိုမိုများပြားလာစေပါသည်။

အစိုးရက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးနေ သည့် တချိန်တည်းတွင်ပင် ထိုးစစ်များ ဆက်လက်ပြုလုပ်နေခြင်းဖြစ်သည်။ လွန်ခဲ့သည့် အပတ်က ကျင်းပခဲ့သည့် ၂၁ ရာစု ပင်လုံညီလာခံ ကျင်းပနေချိန်တွင်ပင်၊ ကချင်ပြည်နယ် မြို့တော် မြစ်ကြီးနား မှ ကီလိုမီတာ ၅၀ ခန့်သာ ကွာဝေးသည့် မိုးကောင်းမြို့အနီးရှိ KIA တပ်စခန်းတခုကို တိုက်ခိုက်ခဲ့ပါသည်။ ထိုးစစ်များ၏ ရည်ရွယ်ချက်မှာ သယံဇာတ ပေါကြွယ်ဝသည့် ဖားကန့်နှင့် တနိုင်းဒေသများနှင့် တရုတ်တို့အတွက် အဓိက ကုန်သွယ်ရေးလမ်းမကြီး ဖြစ်လာမည့် လီဒိုလမ်းဟောင်း တလျှောက် KIA ကို ဖယ်ရှားရှင်းလင်းရန်ဖြစ်သည်။ မြန်မာ့တပ်မတော်၏ လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်ဆောင်နေမှုမှာ အထင်အရှားဖြစ်သည်။ တိုင်းရင်းသားတို့ပိုင် မြေနှင့် သဘာဝသယံဇာတများကို သိမ်းပိုက်၊ ထိန်းချုပ်ခြင်းဖြင့် ဗဟိုအစိုးရနှင့် စီးပွားရေး အခွင့်ထူးခံများအနေဖြင့် အကျိုးအမြတ် ဖြစ်ထွန်းနေသည်။ ယခုအခါတွင် ကွဲပြားချက်အနေဖြင့် အစိုးရသည် ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ခံခဲ့ရပြီး၊ ငြိမ်းချမ်းရေးကို လိုလားသည်ဟု အခိုင်အမာ ထုတ်ဖော်ပြောဆိုနေခြင်းဖြစ်သည်။

တိုင်းရင်းသားဒေသများမှ သယံဇာတများကို သေနတ်ပြ အမြတ်ဆက်လက်ထုတ်ယူနေသည့် အစိုးရအား ၂၁ ရာစု ပင်လုံညီလာခံဖြင့် မျက်နှာဖုံးစွပ်ပေးလိုက်သည်ကို ရိုးရိုးရှင်းရှင်း ပြသနေသည်။

အစိုးရအနေဖြင့် ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားပါက မြန်မာ့တပ်မတော်မှ တဖက်သတ် အပစ်အခတ်ရပ်စဲရေး ကြေငြာမှုဖြစ်လာရေးကို လုပ်ဆောင်သင့်သည်။ မြစ်ချောင်းများ အပါအဝင် တိုင်းရင်းသားဒေသများရှိ သဘာဝသယံဇာတများ ရောင်းချခြင်းကို ရပ်ဆိုင်းသင့်သည်။ ကချင်ပြည်သူများ မည်သည့်အခါကမျှ လက်မခံသည့် မြစ်ဆုံဆည် စီမံကိန်းကို ဖျက်သိမ်းသည်ဟု ချက်ခြင်းကြေငြာသင့်သည်။

မြန်မာပြည်တွင် ငြိမ်းချမ်းရေးရရှိရန် တခုတည်းသော နည်းလမ်းမှာ တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဌာန်းခွင့်ကို အာမခံပြီး ၎င်းတို့ဒေသတွင်းရှိ သဘာဝသယံဇာတများကို ကာကွယ်ခွင့်ရှိသည့် စစ်မှန်သော ဖက်ဒရယ် စီမိုကရေစီစနစ်ကို တည်ဆောက်အကောင်အထည်ဖော်ခြင်းဖြစ်သည်။ အဆိုပါရည်မှန်းချက်များအတိုင်း KWAT အနေဖြင့် ဆက်လက်လုပ်ဆောင်သွားရန် သန္နိဌာန် ချမှတ်ထားပါသည်။

တိုင်းရင်းသားဒေသများအား မြန်မာ့တပ်မတော်မှ ထိုးစစ်ဆင်မှုများနှင့် အကြမ်းဖက်ကျူးလွန်မှုများ ရပ်ဆိုင်းသွားစေရေး၊ စစ်မှန်သည့် ဖက်ဒရယ်စနစ်အဖြစ် ပြုပြင်ပြောင်းလဲရေးတို့အတွက် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုများ ဖြစ်ပေါ်လာစေရန် နိုင်ငံတကာမှ မြန်မာအစိုးရအား ဖိအားပေးရန် KWAT မှ တိုက်တွန်းပါသည်။ အမေရိကန်အစိုးရအနေဖြင့် မြန်မာပြည်အပေါ် ဒဏ်ခတ်အရေးယူမှုများ ဆက်လက်ပြုလုပ်ရန် မိမိတို့အနေဖြင့် အထူးအလေးအနက်ထား တိုက်တွန်းပါသည်။

ဆက်သွယ်ရန်။ ဂျန်မွန်းနေလီ (++၆၆ ၈၅၅၂ ၃၃၇ ၉၀)
ဆိုင်းဇင် (++၉၅ ၉၂၅၁ ၇၉၁၃၂၈ )